**Publication: Yangon Times p 2**
**Date: 10 December 2013**
**Headline: Students from Singapore Management University visit Yangon Media Group**



စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်မှ ကျောင်းသားများကို ရန်ကုန်မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဦးကိုကိုမှ ရှင်းလင်းပြောကြားနေစဉ်။ ဓာတ်ပုံ-ဖြိုး(ဘူမိ)

# စင်ကာပူ စီမံခန့်ခွဲမှုတက္ကသိုလ်မှ ကျောင်းသားများ ရန်ကုန်မီဒီယာဂရု(ပ်)သို့ လာရောက်လေ့လာ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၀ -** Singapore Management University တွင် တက်ရောက်နေသော နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၀ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ရန်ကုန်မီဒီယာဂရု(ပ်) ရုံးခန်းသို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား SMU တွင်ကျောင်းတက်နေသည့် မြန်မာကျောင်းသား ခြောက်ဦးနှင့် အဖွဲ့ခေါင်းဆောင် ကိုအောင်မြတ်ကိုက ဦးဆောင်ကာ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်လည်ပတ်လေ့လာကြခြင်းဖြစ်သည်။ ၎င်းတို့ကျောင်းတွင် သင်ကြားနေရသည့် ဘာသာရပ်များနှင့်သက်ဆိုင်အကျုံးဝင်သည့် ယဉ်ကျေးမှုဆိုင်ရာ နေရာဌာနများ၊ စီးပွားရေးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံရာလုပ်ငန်းများအား ကွင်းဆင်းလေ့လာခဲ့ကြခြင်းဖြစ်သည်။

ရှေးဦးစွာရန်ကုန်မီဒီယာဂရု(ပ်)လီမိတက် ဥက္ကဋ္ဌဦးကိုကိုက ကျောင်းသားများအား ကြိုဆိုနေရာပေးကာ ရန်ကုန်မီဒီယာဂရု(ပ်) နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို GM ဦးမင်းမင်းခေါင်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ အကြောင်းများအား မန်နေးဂျင်း အယ်ဒီတာများဖြစ်ကြသည့် ဦးလှိုင်ဘွားနှင့် ဦးနွယ်ဦးလှိုင်တို့က ၎င်းတို့သိလိုသည့်မေးခွန်းများကိုပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်နွေးထွေးစွာမိတ်ဆုံစကားပြောကြားပြီး အပြန်အလှန်လက်ဆောင်များဖလှယ်ခဲ့ကြသည်။

ယင်းနောက် SMU မှကျောင်းသားများနှင့် ရန်ကုန်မီဒီယာဂရု(ပ်) မှဝန်ထမ်းများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။